# တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်
# အတွင်း အကြမ်းဖက်ခံရမှု ဖြစ်စဉ်

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ တင်ပြသည်။

## အဓိကကျသော အချက်အလက်များ

**ပြစ်မှုကျူးလွန်သူ**

အတည်မပြုနိုင်ခဲ့သော စစ်ကောင်စီ တပ်ဖွဲ့မှ တပ်သား (၃၀၀)ခန့်၊ ပျူစောထီး၊ စွန်ရဲနှင့် စရဖတပ်ဖွဲ့ဝင်များ။

**ကျူးလွန်ခံရသူများ**

၆ ဦး

စုစုပေါင်း အသတ်ခံရသူ

အတည်ပြုနိုင်ခဲ့သော သေဆုံးသူများ

(ဇွန်လ (၁၄)မှ (၂၆)ရက်နေ့ အတွင်း)

၁။ ဒေါ်အေမီဖြိုးဝေ (၄၁ နှစ်)
၂။ ကိုဇော်ဇော်လတ် (၂၀ နှစ် ဝန်းကျင်)
၃။ ဒေါ်ခင်ချို(ခ) မယ်ချို (၅၀ နှစ် ဝန်းကျင်)
၄။ ဦးသောင်းဝင်း (၆၀ နှစ်ကျော်)
၅။ ဒေါ်ဝင်းအေး(ခ) မိကြုံ (၆၀ နှစ် ကျော်)
၆။ ဦးဆန်းဝင်း (၅၀ နှစ် ဝန်းကျင်)

**ဖြစ်ပွားရာနေရာ**




**ပြည်သူပိုင်ပစ္စည်းပျက်စီးဆုံးရှုံးမှု**

၇ လုံး

ဖျက်ဆီးခံခဲ့ရသော စုစုပေါင်း အိမ်ခြေ

စစ်ကောင်စီတပ်ဖွဲ့ဝင်များ၊ စရဖတပ်ဖွဲ့ဝင်များနှင့် ပန္ဒလဲကျေးရွာတွင် စခန်းချနေထိုင်သော ပျူစောထီး၊ စွန်ရဲများက လောင်းလုံးမြို့နယ်ဝန်းကျင်ရှိ ရွာများကို ဝင်ရောက်စီးနင်းခဲ့ရာ စုစုပေါင်း နေအိမ်(၇)လုံးကို ဖျက်ဆီးခဲ့ပြီး အနည်းဆုံး ကျပ်ငွေ(၁၂)သိန်းကျော်၊ တန်ဖိုးကြီးရွှေထည်များနှင့် ဆိုင်ကယ် (၁)စီး စသည်တို့ကို လုယက်ယူဆောင်သွားခဲ့ကြသည်။

## ဖြစ်စဉ်အကျဉ်းချုပ်

စစ်ကောင်စီတပ်သား (၁၅၀)ဝန်းကျင်ခန့် လောင်းလုံးမြို့နယ် အတွင်းသို့ PDF များ ရှင်းလင်းမည် ဟူသည့် အကြောင်းပြချက်ဖြင့် စစ်ကြောင်းထိုးဝင်ရောက်လာခဲ့သည်။

ဇွန်လ (၁၄)ရက်၊ ၂၀၂၂ ခုနှစ်။

စစ်ကောင်စီတပ်သား နောက်ထပ် (၁၅၀) ဝန်းကျင်ခန့် လောင်းလုံးမြို့နယ်အတွင်းသို့ စစ်တပ် အင်အားဖြည့်ရန် ထပ်မံ ရောက်ရှိလာခဲ့သည်။ (၃)ရက် အတွင်း စစ်သားအင်အား ခန့်မှန်းခြေ (၃၀၀)ဝန်းကျင် လောင်းလုံးမြို့နယ် အတွင်း ရှိနေပြီဖြစ်သည်။

ဇွန်လ (၁၅)၊ (၁၆)ရက်၊ ၂၀၂၂ ခုနှစ်။

ည(၁၀)နာရီ ဝန်းကျင်ခန့်တွင် Vigo ကား(၃)စီးဖြင့် ဝေဒီကျေးရွာအတွင်းသို့ စစ်ကောင်စီတပ်သားများ ဝင်ရောက်လာပြီး ဒေါ်သန်းငွေ၏ နှစ်ထပ်တိုက် နေအိမ်ကို ပြာကျသည်အထိ မီးရှို့ဖျက်ဆီးခဲ့သည်။

ထိုအိမ်ကို မီးရှို့ပြီးပြန်ထွက်လာ သောစစ်ကောက်စီတပ်သားများသည် ဝေဒီရွာရှိ ဒေါ်နွယ်နီငွေ (၃၂နှစ်)အား ည(၁၀)နာရီခွဲဝန်းကျင်ခန့်တွင် နေအိမ်၌ အကြောင်းမဲ့ ဖမ်းဆီးပြီး ဝမ်းဗိုက်နှင့် ဦးခေါင်းကို အနီးကပ် သေနတ်ဖြင့် ပစ်ခတ်ကာ ဝေဒီရွာထိပ်တံတားတွင် စွန့်ပစ်ထားခဲ့သည်။ ရွာသူ/သားများ အကူအညီဖြင့် အချိန်မီ ဆေးရုံသို့ ပို့နိုင်ခဲ့သည်။

ဇွန်လ (၁၆)ရက်၊ ၂၀၂၂ ခုနှစ်။

နံနက် (၁)နာရီဝန်းကျင်ခန့်တွင် ဂေါ့အင်းကျေးရွာရှိ ဒေါ်အေမီဖြိုးဝေ (၄၁ နှစ်)ကို နေအိမ်၌ စစ်ကောင်စီတပ်သားများ ဝင်ရောက် ပစ်ခတ် သတ်ဖြတ်ခဲ့သောကြောင့် နေအိမ်၌ပင် သေဆုံးခဲ့သည်။ ထို့အပြင် နေအိမ်အတွင်းမှ ငွေသား (၁၂)သိန်းကျော်၊ ရွှေတစ်ကျပ်သားနှင့် စိန်လက်စွပ်တစ်ကွင်းကို ယူဆောင်သွားခဲ့ပြီး နေအိမ်ကိုပါ မီးရှို့ခဲ့သည်။ မီးရှို့ခံရသော နေအိမ်အား အချိန်မီ ငြိမ်းသတ်နိုင်သော်လည်း မအေမီဖြိုးဝေ၏ ဖခင်(အမည်မဖော်

## ဖြစ်စဉ်အကျဉ်းချုပ်

လို)၏ ခြေထောက်တွင် မီးလောင်ဒဏ်ရာ ရရှိခဲ့သည်။

နံနက် (၁)နာရီခွဲဝန်းကျင်ခန့်တွင် ဂေါ့အင်းကျေးရွာ၊ ကြယ်တောင် အနီး လမ်းသွားလမ်းလာဖြစ်ကြသော အသက် (၂၀)ဝန်းကျင်ခန့် ကိုဇော်ဇော်လတ်နှင့် ကိုနေလင်းကို,ကို စစ်ကောင်စီတပ်သားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ကိုဇော်ဇော်လတ်သည် နေရာ၌ပင် ပွဲချင်းပြီး သေဆုံးပြီး ကိုနေလင်းကို,ကို အချိန်မီ ဆေးရုံသို့ ပို့ဆောင်နိုင်ခဲ့သည်။

နံနက်(၁)နာရီခန့်
ဇွန်လ (၁၇)ရက်၊ ၂၀၂၂ ခုနှစ်။

---

ဇွန်လ (၂၁)ရက်နေ့ ည(၁၀)နာရီဝန်းကျင်ခန့်တွင် ဝဗျောကျေးရွာရှိ ဒေါ်ခင်ချို(ခ)မယ်ချို (၅၀ နှစ်ဝန်းကျင်)ကို နေအိမ်၌ ဖမ်းဆီးပြီး ဇွန်လ (၂၂)ရက်နေ့ နံနက် (၂)နာရီဝန်းကျင်ခန့်တွင် ရိုက်နှက်ဒဏ်ရာ၊ ဓားဒဏ်ရာ၊ နှလုံး၌ သေနတ်ဒဏ်ရာဖြင့် အလောင်းအား နေအိမ်အရှေ့တွင် လာရောက်စွန့်ပစ်ခဲ့သည်။

ဇွန်လ (၂၂)ရက်၊ ၂၀၂၂ ခုနှစ်။

---

ည(၁၀)နာရီ ဝန်းကျင်ခန့်တွင် စစ်ကောင်စီတပ်သား (၁၅)ဦးသည် ကဒက်ကြီးကျေးရွာရှိ အသက်(၆၀)ကျော် ဦးသောင်းဝင်းနှင့် ဒေါ်ဝင်းအေး(ခ) မိကြုံး လင်မယားနှစ်ဦးကို လက်ပြန်ကြိုးတုပ်၍ ဦးခေါင်း၊ ဝမ်းဗိုက်၊ ခါးနှင့် မျက်လုံးတို့ကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ နေအိမ်ရှိ တန်ဖိုးကြီး ပစ္စည်းတချို့နှင့် ငွေသားတချို့ကိုလည်း ယူဆောင်သွားခဲ့သည်။

ည(၁၀)နာရီခန့်
ဇွန်လ (၂၆)ရက်၊ ၂၀၂၂ ခုနှစ်။

---

ည(၁၁)နာရီဝန်းကျင်တွင် ကဒက်ကြီးကျေးရွာ၌ နေအိမ်(၅)လုံးကို စစ်ကောင်စီတပ်သားများ ဝင်ရောက်စီးနင်းဖျက်ဆီးခဲ့ပြီး ငွေကြေးတချို့နှင့် တန်ဖိုးကြီး ပစ္စည်းတချို့ကို ယူဆောင်သွားခဲ့သည်။

ည(၁၁)နာရီခန့်
ဇွန်လ (၂၆)ရက်၊ ၂၀၂၂ ခုနှစ်။

---

ည(၁၂)နာရီဝန်းကျင်ခန့်တွင် ဂေါ့အင်းကျေးရွာရှိ ဦးဆန်းဝင်း (၅၀နှစ်ဝန်းကျင်)ကို နေအိမ် အရှေ့တွင် သေနတ်ဖြင့် အနီးကပ် ပစ်ခတ် သတ်ဖြတ်ခဲ့သည်။ ထို့ပြင် နေအိမ်အတွင်း ငွေကြေး၊ ရွှေထည်တချို့နှင့် ဆိုင်ကယ်တစ်စီးကိုလည်း ယူဆောင်သွားခဲ့သည်။

ည(၁၂)နာရီခန့်
ဇွန်လ (၂၆)ရက်၊ ၂၀၂၂ ခုနှစ်။

---

တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်အတွင်း

## သတ်ဖြတ်ခံရသည့် စာရင်း

| စဉ် | အမည် | လိင် | အသက် | အိမ်ထောင် | မိသားစုဝင် | နေရပ် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်အေးမီဖြိုးဝေ | မ | ၄၁ | - | - | ဂေါ့အင်းကျေးရွာ |
| ၂ | ကိုဇော်ဇော်လတ် | ကျား | ~၂၀ | - | - | ဂေါ့အင်းကျေးရွာ |
| ၃ | ဒေါ်ခင်ချို(ခ) မယ်ချို | မ | ~၅၀ | - | - | ဝဗျောကျေးရွာ |
| ၄ | ဦးသောင်းဝင်း | ကျား | >၆၀ | ရှိ | ဒေါ်ဝင်းအေး၏ ခင်ပွန်း | ကဒက်ကြီးကျေးရွာ |
| ၅ | ဒေါ်ဝင်းအေး(ခ) မိကြုံး | မ | >၆၀ | ရှိ | ဦးသောင်းဝင်း၏ ဇနီး | ကဒက်ကြီးကျေးရွာ |
| ၆ | ဦးဆန်းဝင်း | ကျား | ~၅၀ | - | - | ဂေါ့အင်းကျေးရွာ |

တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်အတွင်း

## ဖမ်းဆီးနှိပ်စက်ခံရပြီး ဒဏ်ရာပြင်းထန်သူ စာရင်း

| စဉ် | အမည် | လိင် | အသက် | အိမ်ထောင် | မိသားစုဝင် | နေရပ် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်နွယ်နီဌေး | မ | ၃၂ | - | - | ဝေဒီရွာ |
| ၂ | ကိုနေလင်းကို | ကျား | ~၂၀ | - | - | ဂေါ့အင်းကျေးရွာ |

အကြမ်းဖက်စစ်ကောင်စီ တပ်သားများနှင့် ပျူစောထီး၊ စွန်ရဲအဖွဲ့ဝင်များသည် လောင်းလုံးမြို့နယ်အတွင်း ဇွန်လ (၁၆) ရက်နေ့မှ (၂၆) ရက်နေ့အထိ (၁၃)ရက်တာအတွင်း ပြည်သူ (၈)ဦးကို ပစ်ခတ်ခဲ့ရာ (၆)ဦးသေဆုံးခဲ့ပြီး (၂)ဦးမှာ ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။ (၁၀) ရက်တာအတွင်း အဖမ်းခံရသူ စုစုပေါင်း (၅၀) ခန့်ရှိခဲ့သည်။

အဆိုပါ အကြမ်းဖက်ဖမ်းဆီး၊သတ်ဖြတ်မှုများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များ၊ စရဖတပ်ဖွဲ့ဝင်များနှင့် ပန္ဒလဲကျေးရွာတွင် စခန်းချနေထိုင်သော ပျူစောထီးအဖွဲ့ဝင်များက ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

# ဓာတ်ပုံမှတ်တမ်းများ



ပုံ(၁) – စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ မွှေနှောက်ခံထားရပြီး အိမ်တစ်အိမ်၏ မြင်ကွင်း။



ပုံ(၂) – မှန်ရိုက်ခွဲခံထားရသော ကားတစ်စီး။



ပုံ(၃) – အရပ်သားပြည်သူများကို ပစ်ခတ်ရာမှ ကျန်ရှိသော ကျည်ခွံများ။



ပုံ(၄) – လက်ပြန်ကြိုးတုပ်ပြီး နှိပ်စက်သတ်ဖြတ်ခံထားရသောဦးသောင်းဝင်းနှင့်ဒေါ်ဝင်းအေးတို့၏ အလောင်းများ။



ပုံ(၅) – လက်ပြန်ကြိုးတုပ်ပြီး နှိပ်စက်သတ်ဖြတ်ခံထားရသော ဦးသောင်းဝင်း၏ အလောင်း။



ပုံ(၆) – ဦးသောင်းဝင်း၏ အလောင်းကို အနီးကပ်မြင်ရပုံ။